EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
132 SATHON NUEA ROAD, BANGKOK 10500, THAILAND
Tel:(662) 233 2237, 233 7250, 234 4698, 237 7744, Fax:(662) 236 6898

# ထိုင်းနိုင်ငံရောက် မဲဆန္ဒရှင် မြန်မာနိုင်ငံသားများထံ ထပ်မံ<br>အသိပေးကြေညာခြင်း

၁။ ၂၀၁၅ခုနှစ်၊ အထွေထွေရွေးကောက်ပွဲအား ၂၀၁၅ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ၈-၇-၂၀၁၅ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသဖြင့် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသား မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲတောင်းခံရန်ပုံစံ(၁၅)ကို မြန်မာသံရုံး၊ ဗန်ကောက်မြို့တွင် ရယူနိုင်သည့်အပြင် သံရုံး၏အင်တာနက်စာမျက်နှာဖြစ်သည့်www.myanmarembassybkk.com တို့တွင်ရယူနိုင်ပါကြောင်းအသိပေးခဲ့ပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ရာ ဆန္ဒမဲတောင်းခံရန် ပုံစံ(၁၅)အား ပြည့်စုံစွာဖြည့်စွက်ပြီးမှတ်ပုံတင် (သို့မဟုတ်) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ နိုင်ငံကူးလက်မှတ်စာအုပ် ( ဓါတ်ပုံပါစာမျက်နှာ) မိတ္တူများ ပူးတွဲလျက် မြန်မာသံရုံး၊ ဗန်ကောက်မြို့သို့ **၁၁-၈-၂၀၁၅ ရက်နေ့** နောက်ဆုံးထား အရောက်ပြန်လည်ပေးပို့ကြပါရန် အသိပေးကြေညာခဲ့ပါသည်။

၃။ ယခုအခါ ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအနေဖြင့် ကြိုတင်ဆန္ဒမဲပေးနိုင်ရန် အတွက် ဖြည့်စွက်ထားသည့်ပုံစံ(၁၅) အား **၁၁-၈-၂၀၁၅** ရက်နေ့ နောက်ဆုံးထား၍ သံရုံးသို့ပြန်လည်ပေးပို့ရန် သတ်မှတ်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ကြိုတင်ဆန္ဒမဲပေးရန် အဆိုမပြုရသေးသော မဲဆန္ဒရှင်များ ဆန္ဒမဲပေးပိုင်ခွင့် အခွင့်အရေးမဆုံးရှုံးမနစ်နာစေရေး အတွက် **၁၁-၈-၂၀၁၅** အစား **၁၆-၉-၂၀၁၅** ရက်နေ့သို့ ပြောင်းလဲသတ်မှတ်ထားပါသဖြင့် ကြိုတင်ဆန္ဒမဲပေးလိုသူများအနေဖြင့် ပုံစံ(၁၅)အား ပြည့်စုံစွာ ဖြည့်စွက်လျက် နောက်ဆုံးအကြိမ်သတ်မှတ်ရက်ဖြစ်သည့် **၁၆-၉-၂၀၁၅** ရက်နေ့ရုံးချိန်အတွင်း သံရုံးသို့အရောက်ပြန်လည်ပေးပို့ကြပါရန် ထပ်မံအသိပေးနှိုးဆော်အပ်ပါသည်။

မြန်မာသံရုံး
ဗန်ကောက်မြို့

ရက်စွဲ၊ ၂၀၁၅ခုနှစ်၊ စက်တင်ဘာ ( ၁၁ ) ရက်

ပုံစံ (၁၅)

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
## သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့် ပတ်သက်၍ ဖြည့်သွင်းရန်ပုံစံ
[ နည်းဥပဒေ ၅၆ (က) နှင့် ၅၇ (က) ]

ဥက္ကဋ္ဌ

------------------------- မြို့နယ်ကော်မရှင်အဖွဲ့ခွဲ

ကျွန်တော်/ကျွန်မ ----------------------- သည် ---------------------- ရွေးကောက်ပွဲကျင်းပသည့် နေ့ရက်တွင် သက်ဆိုင်ရာ မဲဆန္ဒနယ်၏ ပြင်ပသို့ ရောက်ရှိနေမည်ဖြစ်ပါသည်။ ကျွန်တော်/ကျွန်မအား ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် ကျွန်တော်/ကျွန်မနှင့်ပတ်သက်သည့် အချက်အလက်များကို အောက်ပါအတိုင်း ဖော်ပြတောင်းဆိုအပ်ပါသည် -

(၁) တောင်းဆိုသူ၏ အမည် ----------------------------------------------

(၂) တိုင်းရင်းသားလူမျိုး ----------------------------------------------

(၃) မှတ်ပုံတင်အမှတ် ----------------------------------------------

(၄) မွေးသက္ကရာဇ် (အသက်) ----------------------------------------------

(၅) အဘအမည် ----------------------------------------------

(၆) အမိအမည် ----------------------------------------------

(၇) *တောင်းဆိုသူ၏ အမြဲတမ်းနေရပ်လိပ်စာ- အမှတ်( )
---------------- လမ်း/ကျေးရွာ---------------- ရပ်ကွက်/ကျေးရွာအုပ်စု၊
---------------- မြို့နယ်၊ -------------------- တိုင်းဒေသကြီး/ပြည်နယ်

(၈) တောင်းဆိုသူ ယခုရောက်ရှိနေသည့် --------------------------------
နေရပ်/ဌာန (ပြည်တွင်း/ပြည်ပ) --------------------------------
ခွဲခြားဖော်ပြရန်၊

တောင်းဆိုသူ၏လက်မှတ်

ရက်စွဲ၊ -------------------------

(*တောင်းဆိုသူ၏အမြဲတမ်းနေရပ်လိပ်စာသည် ယခုတောင်းခံသည့် မဲဆန္ဒနယ်အတွင်း ဖြစ်ရမည်။)